
မြတ်ငြိမ်း
သံသရာမဆုံးသရွေ့
Always
TREVOR MELDAL-JOHNSEN

# အခန်း ၁

ရှည်လျားသော ဆံပင်များက ထွေးအိနေသည် ။ မျက်နှာကျက အသည်းပုံကလေး။ ထွေပြားမှုကင်းသော မျက်လုံးပြာပြာများ နှင့်။ လှပ်ရှားပုံမှာ ကျက်သရေ ရှိလှသည် ။ တဆတ်ဆတ် တုန်ခါနေသော နှုတ်ခမ်းသားလေးများက ဖမ်းဆုပ်ရခက်သော သူ့ပင်ကိုစရိုက် သဘာဝကို ထင်ဟပ် ပြသနေ၏။ သည် နှုတ်ခမ်းလေးများက ညတစ်ည၏ အလှလို သိမ်မွေ့လှ၏။ သို့တိုင် ပျော်ရွှင်ကြည် နူးမှုကို မလွဲမသွေပေးနိုင်စွမ်းသော နှုတ်ခမ်းကလေးများ ။

သည် အမျိုးသမီးကား မိမိ မြင်တွေ့ဖူးသမျှထဲတွင် အချောဆုံး အလှဆုံး အမျိုးသမီးတစ် ယောက်ဟု သူထင်မိသည် ။

သူက ထိုင်နေရာမှ တစ်ချက်လွန့်လိုက်၏။ ပြီးတော့ အမျိုးသမီးကိုပိုပြီး အာရုံစိုက်ကြည့်လို့ ရအောင် မျက်လုံးများကို မှေးကျဉ်းလိုက်၏။ ဟုတ်သည် ။ ချောသည် ။ လှသည် ။ သူ့အလှကိုမြင်ရသူ တစ်ဦးသည် မိုးကြိုးအပစ်ခံလိုက်ရသလို အံ့သြမိန်းမော ကျန်ခဲ့စေရမည်။ သူ့အလှက မာနတရားကို လှပသော အလှမျိုး။

သူ အသက်ရှူရပ်သွား၏။ အမျိုးသမီးက သူ့ကိုတည့်တည့်ကြီး စိုက်ကြည့်နေသည် ။ မျက်လုံး များက ကြည်စင်နေသည် ။

မာယာကင်းနေသည် ။

'မောင့်ကို ကျွန်မချစ်တယ်'

အမျိုးသမီး ဆက်ပြော၏။ အသံက တည်ငြိမ်အေးချမ်းစွာ။

'ဟောဒီ စကြဝဠာကြီးတစ်ခုလုံးမှာ နေမင်းဆိုတာ စတင်ထွက်ပေါ်လာကတည်းက မောင့်ကို ကျွန်မချစ်ခဲ့တာ။ ကမ္ဘာပေါ်မှာ ပေါ်ပေါက်ခဲ့တဲ့ သဘာဝ ကပ်ဆိုးဘေးဆိုးတွေကိုကော၊ လူသားတွေ ကြောင့် ဖြစ်ပေါ်ခဲ့တဲ့ ဘေးဆိုးအန္တရာယ်ဆိုး အပေါင်းကိုပါ ကျော်လွှားပြီး မောင့်ကိုချစ်ခဲ့တယ်။'

'ကျွန်မရဲ့ အချစ်မှာ အရှက်တရားဆိုတာ မရှိဘူး။ မာနတရားဆိုတာ မရှိဘူး။ မောင့်ကို ချစ်တဲ့ စိတ်သက်သက်နဲ့ ချစ်ခဲ့တယ်။ အချစ်သန့်သန့်နဲ့ ချစ်ခဲ့တယ်။ အဲဒီအချစ်မျိုးနဲ့ ပဲ ဆက်ပြီးချစ် နေမယ်။ ဒီအချစ်ဟာ မောင့်အတွက်။ မောင့်အတွက်ချည်းပဲ။ မောင်တစ်ယောက်ဆို တစ်ယောက် တည်းအတွက်ပါ'

သူ စတင်ငိုကြွေးမိ၏။

အငိုတိတ်ဖို့ ကြိုးစားသည် ။ သို့ပေမဲ့ မျက်ရည်များက ဒလဟောကျနေသည် ။ ပါးပြင်ပေါ်သို့ တလိမ့်လိမ့်စီးကျနေသည် ။ အသက်ပြင်းပြင်းကို ပြတ်တောင်းရှိုက်၏။ သို့တိုင် အငိုမရပ်နိုင်။ ရင်ထဲ မှာ ကြေကွဲနေ၏။ ဝမ်းနည်းနေ၏။ ဘယ်နေရာမှ ရောက်လာမှန်းမသိသော စိတ်ဆင်းရဲမှုများက သူ့ကို ဖိစီးနေ၏။

သူ့နံဘေးတွင် ထိုင်နေသည့် အမျိုးသမီးက သူ့ကိုလှည့်ကြည့်သည် ။ ရပ်ရှင်ရုံ၏ မှိ န်ပျပျ အလင်းရောင်ထဲတွင် အမျိုးသမီး၏ မျက်နှာမှာ ဖြူဖျော့ဝေဝါးနေသည် ။

'ဘာဖြစ်လို့ လဲဟင်'

အမျိုးသမီးမေးသည် ။ သူ့လက်မောင်းပေါ် လက်တစ်ဖက်လာတင်သည် ။

သူက အမျိုးသမီးကို အမှုမထား။ ရုပ်ရှင်ပိတ်ကားကိုသာ မျက်ရည်များကြားမှ စိုက်ကြည့်နေ သည် ။ ပိတ်ကားပေါ်မှ အမျိုးသမီးက သူ့ချစ်သူကို နမ်းနေပြီ၊ ရှည်သွယ်ကော့ညွတ်သော မျက်တောင် များက ရီဝေမျက်လုံးများကို ဖုံးအုပ်နေသည် ။ သူ့လက်များက သူ့ချစ်သူ၏ လည်တိုင်ကို ယုယစွာ ဖက်တွယ်ထားသည် ။ သူ၏ ချိုရည်သော ပျားရည်နှုတ်ခမ်းများ ချစ်သူ၏ နှုတ်ခမ်းပေါ်သို့ ပျော်ကျ စီးဝင်သွား၏။

'ပြီးပါပြီ'

စာတန်းကြီးက ပိတ်ကားပေါ်တွင် ဒိုင်းခနဲ ထိုးဝင်လာသည် ။ တစ်ထောင့်ကိုးရာ လေးဆယ် ပြည့်နှစ်ဝန်းကျင်တွင် လူကြိုက်များကျော်ကြားခဲ့သည့် ရုပ်ရှင်ကား၏ နိဂုံး။ မြင်ကွင်းများ သည် ပျောက်ပျက်လွယ်လွန်းသော အိပ်မက်တစ်ခုပမာ မျက်စိရှေ့မှ မှေးမှိန်ကွယ်ပျောက်သွားလေပြီ။

***

အိမ်အပြန် လမ်းတစ်လျှောက်လုံး စကားများများ မပြောမိကြ။ သူက ကားကို စက်ရုပ်ဆန် ဆန် မောင်းလာသည် ။ သွားလမ်းကို လက်များက အလိုအလျောက်ရှာဖွေမောင်းနှင်သွားစေသည် ။ သည် လောက် ဖြောင့်ဖြောင့်တန်းတန်းမောင်းလာနိုင်တာ ကံကောင်းသည်

ဆိုရမည်။ ဘာကြောင့်ဆို သူ့စိတ်မှာ အတွေးတွေထဲ နစ်မျောနေသောကြောင့်ပင်။

တစ်ချိတွင် အမျိုးသမီးက သူ့ဘက်လှည့်ပြီး ခပ်လွင်လွင်ပြောသည် ။

'မောင် အဲဒီလို စိတ်ထိခိုက်လောက်အောင် ဖြစ်မယ်မှန်းသိရင် ဒီဇာတ်ကားကို ကြည့်ဖြစ် အောင် ကျွန်မ ဖွတ်မပူဆာခဲ့ပါဘူး ဂရက်ရယ်'

'အေးကွာ...ဒီဇာတ်ကားကြည့်ရတာ ရင်ထဲမှာ ခံစားရတယ်'

ပခုံးတစ်ချက်တွန့်ပြီး ပြောမိ၏။ သို့သော် ရင်ထဲမှာ တော့ အရှုံးတစ်ယောက်လို ခံစားနေရ၏။ ရုပ်ရှင်ရုံထဲတွင် မနူးမနပ်ကောင်လေးတစ်ယောက်လို ပြုမူမိသည် ကို အံ့သြနေသည် ။ ဘာကြောင့်မှန်း စဉ်းစားလို့ မရ။ သူဘယ်တုန်းက နောက်ဆုံးအကြိမ် ငိုကြွေးခဲ့ဖူးသည် ကို မမှတ်မိ။ ကလေးဘဝ တစ် ချိန်ချိန်တုန်းက ဖြစ်မှာ ပေါ့။ ငိုလွယ်ရှိုက်လွယ် မျက်ရည်လွယ်ပြီး ထိန်းသိမ်းမှုအင်အား နည်းပါး သည့် ကာလကဖြစ်မှာ ပေါ့။

'ဟင်...ကျွန်မတော့ အဲဒီလောက်ထိ ထိခိုက် ခံစားရလောက်တဲ့ အခန်း မပါဘူး ထင်တာပဲ'

'ဟုတ်မှာ ပါ၊ မပါဘူးထင်တာပဲ'

သို့သော် သူ့အတွေးက ငါတကော ကောနေသည် ။ တည်ငြိမ် အေးချမ်းနေပြီဖြစ်သော သူ၏ ပြင်ပသွင်ပြင်အောက်တွင် အတွေးများက ပွက်လောရိုက်နေသည် ။ ဆူညံနေသည် ။ ဝုန်းဒိုင်းကြဲ ချာ လည်လှည့်နေသည် ။ အတွေးများက မိမိပေးနိုင်စွမ်းမရှိသည့် အဖြေတစ်ရပ်ကို တောင်းဆိုနေသည် ။

သို့တိုင်...

အတွေးတွေ ဆူညံ ပွက်လောရိုက်နေသည့်ကြားမှ ပင်...

ဆုပ်ဖမ်းလို့ မရသော ခံစားချက်တစ်မျိုးကို ခံစားနေရသည် ။ မေ့လျော့နေသော၊ သတိရလုဆဲ ဖြစ်နေသော စကားလုံးတစ်လုံးလျှာဖျားကလေးတွင် တစ်နေသလိုမျိုး။

လော့စ်ဖဲလစ် တောင်ကုန်းများ ပေါ်ရှိ သူ့အိမ်သို့ရောက်လာသည် ။ အိမ်အဝင် ကားလမ်းအ တိုင်း မောင်းဝင်ခဲ့၏။ လိပ်သည်းကျောက်များကို ကား တာယာဖြင့်ဖိကြိတ်သံသည် သာ တစ်ခုတည်း သော အသံအဖြစ် ထွက်ပေါ်နေသည် ။ သည် အသံကိုကြားလိုက်ရတော့ ငယ်ဘဝက သွားခဲ့ဖူးသည့် လူသူကင်းမဲ့သော အဝေးပြေးလမ်းမကြီးများ နှင့် ကျေးလက်ဒေသများကို ရုတ်တရက် အမှတ်ရမိ သည် ။ ဩော်... ကာလရှည်စွာ မေ့လျော့နေခဲ့သည့် အတွေ့အကြုံများ ။ အိမ်ရှေ့တွင် ရှာရွှန်ကို ချပေးပြီး ကားကို အိမ်နောက်ဘက်ရှိ ကားဂိုဒေါင်ဆီသို့ ဆက်မောင်းခဲ့၏။

အိမ်နောက်ဘက်ပန်းခြံထဲရှိ ကျောက်ခင်းလမ်းလေးအတိုင်း လျှောက်လာရင်း အမှောင်ထုထဲ တွင် ရပ်လိုက်၏။ နားစွင့်၏။ ဘာသံကို နားစွင့်မိမှန်းမသိ။

လေညင်းကလေးက အသက်ဝင်လှုပ်ရှားနေသည် ။'အက်ဖနီ'ပန်းနံ့က သူ့နှာဝကို လာပြီး ကလိသည် ။ ပြီးတော့ လေညင်းနှင့်အတူ ထွက်ပြေးသွားသည် ။ သူ့ညာဘက်ရှိ ပန်းအိုးစုစုဆီမှ မနား မနေအော်နေသော ပုရစ်များ ၏ အသံကိုကြားရသည် ။ သူတို့ အုပ်စု၏ ဟိုမှာ ဘက်ဆီမှ ပေါ်ထွက်နေ သည့်အသံမှာ ရွှေငါးကန်ထဲသို့

ညင်သာညှံ့သက်စွာစီးကျနေသည့် ရေသံ။ သည် ညအဖို့ အသံဗလံနှင့် အနံ့အသက်များ သည် ခါတိုင်းနှင့်မတူ။ တမူထူးပြီး ရှင်းသန့်ပြတ်သားစွာ သူ့ထံသို့လာရောက် ချည်းကပ်ကြ၏။

သို့သော်...

ဟင့်အင်း၊ ဒါတွေမဟုတ်သေး။ သူ့ရင်ထဲမှ ထူးဆန်းစွာ မျှော်လင့်တောင့်တနေသည့် ဆန္ဒ တစ်ရပ်ကို ဒါတွေက နှစ်သိမ့်မှုမပေးနိုင်။ သည် နေရာရှိ ဘယ်အရာကမှ သူ့ဆန္ဒကို ဖြည့်ဆည်းနိုင် စွမ်းမရှိ။

အမှောင်ထုထဲမှ အရိပ်တစ်ခုထွက်လာသည် ။ ဖဲလစ်။ သူ့ကြောင်ကြီး။ လိမ္မော်ရောင်အသွေး နှင့် ကြွားကြွားရွားရွားနိုင်သော ကြောင်ထီးကြီး။ ကြောင်ကြီးက သူ့ခြေထောက်ကိုပွတ်သပ်ပြီး ဆန္ဒပြသည် ။ ထို့နောက် ဆောင့်ကြောင့်ထိုင်ပြီး နားနောက်ကို ကုတ်နေသည် ။ ဖဲလစ်က သူ့အနားမှ ဖျတ်ခနဲခွာပြီး အိမ်ဆီသို့သွားသည် ။ သည် ကောင်ကြီး ဆာနေပြီ။ အစာတောင်းနေပြီ။ ဂရက်ဂရိ ကြောင်ကြီးနောက်မှ လိုက်သွားသည် ။ နောက်ဖေးတံခါးရှေ့ရောက်တော့ အိမ်ထဲမှ သော့ကိုစမ်းသည် ။ ကြောင်ကြီးစိတ်မရှည်ဘဲ တညောင်ညောင်အော်နေသည် ။

စားဖိုဆောင်ထဲရောက်တော့ ဂရက်ဂရီက ကြောင်စာဘူးတစ်ဘူးကိုဖွင့်ပြီး ဖဲလစ်ကိုကျွေး သည် ။

စားဖိုဆောင်ထဲသို့ ရှာရွှန်ဝင်လာသည် ။ သူက ချည်ထည်ဝတ်ရုံတစ်ထည်ကို လဲဝတ်ထားပြီ။ သူ ရွေ့လျားလှုပ်ရှားလိုက်တိုင်း သူ့ခန္ဓာကောက်ကြောင်းများကို ဝတ်ရုံက ကလနားသတ်ဖော်ပြပေး နေ၏။ ဝတ်ရုံမှာ အဖြူရောင်ဖြစ်သဖြင့်

ညို့မှောင်သော သူ့ဆံပင်ရှည်ရှည်များကို ထင်းနေစေ၏။

'ဗိုက်ဆာနေပြီလား ဂရက်'

သူ့လည်ကုပ်ကို အသာအယာတို့ ထိရင်း အမျိုးသမီးမေး၏။ ခါတိုင်းလိုပင် အမျိုးသမီးပင် ဂရက်ဂရီ၏ စိတ်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ဆက်ဆံသည် ။ ထုံးစံအတိုင်းဆိုလျှင်တော့ ရှာရွန်က ပေါးလားဝါးလား ပြောဆိုဆက်ဆံတတ်သူ။

'ကော်ဖီတစ်ခွက်နဲ့ ဆီကြော်မုန့်တစ်ခုလောက်ဆို နိုပ်မယ်ထင်တယ်'

သူတို့ နှစ်ယောက်သည် လွန်ခဲ့သည့်လ အနည်းငယ်က ဂရက်ဂရီ၏ ကိုယ်စားလှယ် ကျင်းပ ပြုလုပ်သည့် ညှော့ခံပွဲတစ်ခုတွင် ဆုံဆည်းခဲ့ကြသည် ။ ရှာရွန်က ဂရက်ဂရီကို စ တွေ့သည် နှင့် ညို့ယူဖမ်းစားထားလိုက်၏။ ခုထိလည်း သူက ဆက်လက်ဖမ်းစားထားဆဲ၊ သူ၏ ညို့ငင်သိမ်းပိုက်နိုင်စွမ်း ကို ဂရက်ဂရီက ဆန့်ကျင်ရုန်းကန်ခြင်းမပြုဘဲ ပျော်ရွှင်ဝမ်းမြောက်စွာ လိုက်လျောခဲ့သည် ။ သည်အမျိုးသမီးကို သူ ချစ်သည် ထင်၏။ သို့ပေမဲ့ လက်ထပ်ရေးကိစ္စနှင့်ရင်ဆိုင်ရသောအခါတွင် မူ အခြား အခြားသော လူပျိုလူလွတ်များနည်းတူ သည် အမျိုးသမီးကို မိမိတကယ်ချစ်ရဲ့ လားဟူသော အတွေးကို တစ်ကိုယ်တည်း အချိန်ရတိုင်း ဝေဖန်စောကြောနေခဲ့မိ၏။

ရှာရွန်က ကော်ဖီနှပ်အိုးကို စတင်ဆေးကြောသည် ။ လှုပ်ရှားမှုများက သွက်လက်ချက်ချာ သည် ။ သူက အိမ်သန့်ရှင်းရေးကို အလွန်မတန်ဂရုစိုက်သူ။ ဂရက်ဂရီ၏ စားဖိုဆောင်ကြမ်းပြင်ဆို လျှင် ကိုက်စားချင်စရာ ကောင်းလောက်အောင် သန့်ရှင်းပြောင်လက်နေ၏။ သည် လိုတောက်ပြောင် နေသည့်အတွက် ဂရက်ဂရီ စိတ်အနှောင့်အယှက် မဖြစ်ပါ။ သို့ပေမဲ့ သူကိုယ်တိုင်ကတော့ သည်

လောက်ကြီး သန့်သန့်ရှင်းရှင်း မနေတတ်၊ မိမိတစ်ယောက်တည်းနေတုန်းကဆို တစ်အိမ်လုံး ရှုပ်ရှုပ် ပွပွပင်။ အိမ်ထောင်ထိန်းသိမ်းရေးဆိုတာ မိမိ၏ ဦးစားပေးလုပ်ငန်းမဟုတ်။

ရာရွန်က ဘရော့ဝေးဇာတ်ခုံပေါ်တွင် အထိုက်အသင့်အောင်မြင်မှုရခဲ့သူတစ်ဦး။ လွန်ခဲ့သည့် တစ်နှစ်လောက်က အနောက်ဘက်ကမ်းခြေသို့ ကူးလာခဲ့သည် ။ ဟောလိဝုတွင် အောင်မြင်မှုရဖို့ ကြိုး စားနေသည် ။ ရုပ်မြင်သံကြားဇာတ်လမ်းများမှာ တော့ ညှော်သည် ဇာတ်ဆောင်အဖြစ် ပါဝင်ခွင့်ရနေပြီ။ သို့ပေမဲ့ သူ၏ တစ်ခုတည်းသော ရည်မှန်းချက်မှာ ရုပ်ရှင်မင်းသမီးဖြစ်ရေးပင် ဖြစ်၏။

ရေခဲသေတ္တာထဲမှ ဒိန်ခဲတုံးကို ထုတ်ယူနေသည့် ရာရွန်အား ဂရက်ဂရီက ရမ္မက်ကင်းစွာ ကြည့်နေ၏။ အမျိုးသမီးက လှသည် ။ ဒါကို ယုံမှားသံသယဖြစ်စရာမရှိ။ လှတာမှ ပင့်သက်ဖြာရ လောက်အောင်လှသည် ။ သို့ပေမဲ့ သူ့ခန္ဓာကိုယ် အဆစ်အပေါက်ကပိန်သည် ။ သွယ်သည် ။ ယခင်ကဆို သည် အလှမျိုးကို ဂရက်ဂရီ စိတ်ဝင်စားခြင်းမရှိခဲ့။ သို့ပေမဲ့ ညှော်ခံပွဲမှာ တွေ့ပြီး မိမိနှင့်အတူ ရာရွန် ပါလာသည့်ညမှ စ၍ ဂရက်ဂရီ သူ့ကိုအစွဲကြီးစွဲခဲ့တော့၏။ ခုဆို နောက်လေးလအကြာတွင် လက်ထပ် ကြဖို့ နှစ်ဦးသဘောတူထားကြသည် ။

ရာရွန်က လက်တစ်ဖက်ဖြင့် ဒိန်ခဲကို ကိုင်ပြီး သူ့ဆီလာသည် ။ ပြီးတော့ ခန္ဓာကိုယ်နှစ်ခုကို ထိတွေ့ပူးကပ်ကာ ပြော၏။

'မောင်…ညှော်ခန်းထဲမှာ သွားပြီး ခဏတဖြုတ် နားနေလိုက်ပါလား။ ကော်ဖီဖျော်ပြီးရင် ကျွန်မ ယူလာခဲ့မှာ ပေါ့'

သူ ဧည့်ခန်းဘက်ထွက်ခဲ့၏။ အပေါ်အင်္ကျီကိုချွတ်ပြီး ကတ္တီပါဖုံး ညောင်စောင်းပေါ်ပစ်တင် သည် ။ ပြီးတော့ ရုပ်သွင်ကိုကြည့်မိသည် ။ ပြားချပ်ပြီး အသက်ဝင်လှုပ်ရှားမှုကင်းမဲ့နေသော မျက်နှာ။ သည် မျက်နှာက လျှို့ဝှက်ချက်တစ်ခုခုကို ဖော်ထုတ်ပေးနိုင်တော့မလို သေသေချာချာစိုက်ကြည့် သည် ။ သို့သော် အဖြေကားထွက်မလာ။

အမိပွှာယ်တွေပြည့်နေသည့် အညိုရောင်မျက်လုံးများ ။ တင်းတင်းရင်းရင်းရှိသော်လည်း ခံစားလွယ်တတ်သည့် နှုတ်ခမ်းများ ။ ခြုံငုံကြည့်လျှင် ချောမောသောမျက်နှာ။ သည် မျက်နှာကို ဘောင်ကွက်ထားသည် က အညိုရောင်လှိုင်းတွေနဲ့ ဆံပင်များ ။ အင်္ကျီကော်လာပေါ်တွင် ခွေခေါက် နေသည် ။

သည် မျက်နှာကား အမျိုးသမီးများ မက်မောသည့်မျက်နှာ။ သို့ပေမဲ့ မှ န် ထဲ မှာ အရိပ်ထင်နေ သည့်မျက်နှာကတော့ သည် လိုမထင်ရ။ အကြည့်ကို ဖြည်းလေးစွာအောက်သို့ရွှေ့လိုက်၏။ ရေဘုံပိုင် ခေါင်းကိုဖွင့်သည် ။ ရေအေးဖြင့် မျက်နှာကိုပက်လိုက်သောအခါ စောစောကငိုထားသော မျက်ရည်စ များမှ ငန်ကျိကျိ အရသာကို ခံစားရသည် ။

ဧည့်ခန်းသို့ပြန်ခဲ့၏။ စိတ်ထဲ နည်းနည်းတော့ပေါ့ပေါ့ပျောက်ပျောက်ဖြစ်လာသည် ။ ဖိနပ်တွေ ချွတ်သည့်ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည် ။ သက်ပြင်းချသည် ။ ခြေဆန့်တင်သည် ။ ခြေချင်း ဝတ်နှင့် ဒူးခေါင်းဆီမှ ချိုးချိုးချွတ်ချွတ်အသံများ ထွက်လာသည် ။ တစ်ယောက်ယောက်က ပြောဖူး သည် ။ ဗီတာမင်စီဓာတ်ချို့တဲ့ လို့ တဲ့ ။ သူကတော့ သည် လိုမထင်။ လက်နှိပ်စက်ရှေ့တွင် တစ်ချိန်လုံး ထိုင်နေရသည့်

လုပ်ငန်းသဘာဝကြောင့်ဖြစ်မည်။ ကံကောင်းသည် ။ သူ့အရပ်ကထောင်မောင်းပြီး မွေးကတည်းက သွယ်လျသောကိုယ်ခန္ဓာရှိသည် ။ သူဘယ်လောက်စားစား၊ ဘယ်လောက်သောက် သောက် ဝမလာ။ အလေးချိန်တက်မလာ။

ရှာရွန်တစ်ယောက် စားဖိုဆောင်ထဲမှာ ကြာနေသဖြင့် ဂရက်ဂရီ ဝမ်းသာမလိုဖြစ်မိသည် ။ သူက စားပွဲပေါ်ရှိတယ်လီဖုန်းဖြေစက်ကို ပျင်းရိပျင်းတွဲကောက်ယူပြီး ခလုတ်တွေ နှိပ်လိုက်၏။ ထို့နောက် မျက်နှာကြက်ကို မော့ကြည့်နေသည် ။ မိမိထံ တယ်လီဖုန်းဆက်သူတွေ၏ မျက်နှာများ မျက်နှာကြက်ပေါ်တွင် ထင်ဟပ်နေမည့်အလား။

တယ်လီဖုန်းဖြေစက်ထဲမှ သူ့ကိုယ်စားလှယ် ရစ်ချက်ဝေလ်မာ၏ အသံပေါ်ထွက်လာသည် ။

'နက်ဖြန်မနက် ပထမဆုံးလုပ်ရမယ့် အလုပ်က ကျွန်တော့်ရုံးခန်းကို တယ်လီဖုန်းဆက်ပါ၊ ခင်ဗျားကို ပြောစရာ သတင်းတွေရှိတယ်'

လိုရင်း တိုရှင်း။ သူ့အသံကိုနားထောင်ပြီး သတင်း၏ သဘောသဘာဝကို အကဲဖမ်းလို့ မရ။ သတင်းကောင်းလား၊ သတင်းဆိုးလား။ ဒါပေ့ါလေ၊ မနက်ဖြန်မှ ဖုန်းဆက်ရမှာ ပေ့ါ။

စက်က တတီတီမြည်လာပြန်သည် ။

သည် တစ်ခါ အသံရှင်က မိုက်ကယ် ဟောရိုးဝစ်။ 'ဟောလိဝုဒ်တွင် လူကြိုက်အများ ဆုံး လူငယ်ဒါရိုက်တာများ ထဲမှ တစ်ယောက်'။ သူ့အသံကတော့ မာဆတ်ဆတ်ဖြစ်နေသည် ။ သက်မဲ့စက် တစ်လုံးကို စကားပြောနေရတာ စိတ်ကုန်နေသလို။

'ဟိုင်း...ဂရက်။ ခုပြောနေတာ မိုက် ဟောရီးဝစ်ပါ၊ စနေနေ့ည ကိုယ့်အိမ်မှာ လုပ်မယ့် ညှော့ခံပွဲကို ဖိတ်မလို့ မောင်ရင့်ဆီဆက်တာ။ ရှစ်နာရီ နောက်ပိုင်းပေါ့၊ မောင်ရင်လာဖြစ် မလာဖြစ် ကိုယ့်ကို ပြန်ဆက်မနေနဲ့ တော့လေ၊ မောင်ရင် လာရင်တွေ့မယ်၊ မလာရင် မတွေ့ရုံပေါ့'

လွန်ခဲ့သည့် ခြောက်လလောက်ကဆို သူသည် ဟောရီးဝစ်၏ အိမ်သို့ သွားခွင့်ရဖို့ နေနေသာ သာ ဟောရီးဝစ်၏ တယ်လီဖုန်းနံပါတ်ကိုပင် သိခွင့်မရခဲ့။ ထို့နောက် နှစ်ပေါင်းများ စွာ တလည်လည် ဖြစ်နေသည့် ဂရက်၏ ဇာတ်ညွှန်း ရောင်းစွံသွားသည် ။ ကဲ...ခုတော့ ဖိတ်ကြားချက်တွေ ဝင်လာမစဲ တသဲသဲ။ သူ့ဘဝ ပုံစံ ပြောင်း လာပြီ။ ပုံစံသစ်။ မိတ်သစ် ဆွေသစ်များ ဖြင့်။ သူ့အပေါ် စေတနာတွေ ထားကြ။ ကူညီကြ။ ကောင်းသော လက္ခဏာများ ပါ။

သို့သော် တကယ်ကော ကောင်းနိုင်လာရဲ့ လား။

ဂရက်ဂရီ ကံသေကံမ မပြောနိုင်။

***

သူ့ နာ မ ည် မှာ ဂရက်ဂရီသောမတ်။ လွန်ခဲ့သည့် နှစ်ဆယ့်ကိုးနှစ်ခန့်က ဝါရှင်တန်မြို့၊ ဆီတဲလ် ရပ်ကွက်တွင် မွေးဖွားခဲ့သည် ။ ငယ်ဘဝ တစ်လျှောက်လုံး မိဘနှစ်ပါးနှင့် နေခဲ့သည် ။ သူ့ဖခင်ဖြစ်သူ ဂျက်သည် ပုပုပျပ်ပျပ် တုတ်တုတ်ခိုင်ခိုင်နှင့် အလုပ်လုပ်နိုင်လွန်းသူ၊ ရည်မှန်းချက် မြင့်မားလွန်းသူ ဖြစ်၏။ မိခင်ဖြစ်သူ ပစ်မှာ ရီးအ ခြင်းမှ လွဲ၍ ဘာအရည်အချင်းမှ မရှိသူ ဖြစ်၏။ သည် တော့ ဂျက်က အလုပ်ကိုကျုံးလုပ်သည် ။ အလုပ်ထဲတွင်

အာရုံကိုနှစ်ထားသည် ။ ဆီဘဲလ်တွင် ကုန်စိမ်းဆိုင်လေး တစ်ဆိုင် ဖွင့်ထားသည် ။ ဆယ်နှစ်အတွင်းဆီတဲလ်နှင့် တာခိုမာ ရပ်ကွက် နှစ်ခုလုံးတွင် သံကွင်း ဆက် ဆိုင်ခွဲများ ဖွင့်နိုင်သည် ထိ အောင်မြင်ကြီးပွားလာသည် ။

ဂရက်ဂရီ ဆယ့်ငါးနှစ်သား အရွယ်တွင် ဂျက်သည် စွပ်ပြုတ်ဘူး သေတ္တာကြီးပိပြီး ကွယ်လွန် သွားသည် ။ ဂရက်ဂရီက ဖခင်သေဆုံးသည့်အတွက် မိခင်နှင့်ဆွေမျိုး မိတ်သင်္ဂဟများ ရှေ့တွင် အမြင် ကောင်းရုံ ပူဆွေးဝမ်းနည်းပြခဲ့၏။ တကယ်တမ်းတွင် မူ ဒီလောက်ကြီး ပူဆွေးသောက မရောက်မိ။

သူတို့ သားအဖမှာ ဝါသနာမတူ စရိုက်မတူ၊ အတွေးအခေါ်ချင်းမတူ။ သားအဖ ဆက်ဆံရေး မှာ မေတ္တာကို အခြေခံသော ဆက်ဆံရေးမဟုတ်။ တစ်အိမ်တည်း အတူနေသည့် သားအဖဖြစ်သဖြင့် တစ်ယောက်ကိုတစ်ယောက် သည်းခံမှုဖြင့် အဆင်ပြေနေသော ဆက်ဆံရေးမျိုးသာ ဖြစ်၏။

ဂရက်ဂရီ ဆယ့်ငါးနှစ်ထဲရောက်ပြီး နောက်တစ်နေ့တွင် ဂျက်က သူ့သားကို သူ့စာကြည့်ခန်း ထဲ ခေါ်သည် ။ 'ယောကျ်ားချင်း'ပြောစရာရှိသည် ဟု ဆိုသည် ။ သည် လိုသားအဖနှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောခြင်းဆိုသည် မှာ ဂရက်ဂရီဘဝတွင် ရတောင့်ရခဲ အခွင့်အရေး ဖြစ်၏။

'အဲ...ခုဆို မင်းဟာ ယောကျ်ားရင့်မကြီးတစ်ယောက်ဖြစ်လာတော့မယ် ဂရက်၊ ဒီတော့ မင်း ဘဝရေးအတွက် ဘာအလုပ် လုပ်မယ်ဆိုတာ ဆုံးဖြတ်ထားပြီး ပြီလား၊

နောက်တစ်နှစ် နှစ်နှစ်ဆို မင်း ကျောင်းပြီးတော့မယ်၊ ဒီတော့ ဘာလုပ်မယ်ဆိုတာ ခုလောက်ကတည်းက စဉ်းစားထားရင် သိပ်စောရာ မရောက်ဘူးထင်တယ်’

ဂျက်သောမတ်က ချမ်းသာကြွယ်ဝသူတစ်ဦးဖြစ်နေပြီ။ သူ၏ ချမ်းသာကြွယ်ဝမှုကို အိမ်အလုပ်ခန်းအဖြစ် သတ်မှတ်ထားသည့် စာကြည့်ခန်းက ထင်ဟပ်ပြနေ၏။ စာအုပ်စင်များ ပေါ် တွင် ဈေးကြီးလှသော သားရေဖုံးအခန့်ချုပ်စာအုပ်ကြီးတွေ တန်းစီနေသည် ။ ဂျက်ကတော့ ကျောင်း မှ ထွက်ပြီးကတည်းက စာအုပ် တစ်အုပ်မျှ မဖတ်တော့။ သို့ပေမဲ့ သူက စာအုပ်တွေကို နှစ်သက်သည် ။ မက်မောသည် ။ အိမ်သို့ ဧည့်သည် များ လာလျှင် အိမ်ကိုလှည့်ပတ်ပြရင်း စာကြည့်ခန်းကိုလည်း မလွတ်တမ်း ပြသည် ။ ဂုဏ်ယူဝင့်ကြွားသည် ။ ဂျက်အိမ်မှာ မရှိချိန်များ တွင် ဂရက်ဂရီက စာကြည့် ခန်းထဲဝင်ပြီး စာအုပ်တွေကို မွှေသည် ။ ဂန္ထဝင်ဝတ္ထုတွေကို ဝါးစားပစ်သလိုဖတ်သည် ။

‘ကျွန်တော် စာရေးဆရာ လုပ်မယ် ဖေဖေ’

သည် အကြောင်း ယခင်ကလည်း ပြောခဲ့ဖူးသည် ။ စာအုပ်တွေ၊ ရုပ်ရှင်တွေသည် သူ့စိတ်ဓာတ် အတွက် အားဆေးတွေ။ သူ့စိတ်ဓာတ်အတွက် လောင်စာဆီတွေ။ သူသည် စာအုပ်တွေ၊ ရုပ်ရှင်တွေကို ဖက်တွယ်ပြီး ရှင်သန်နေခြင်း ဖြစ်၏။ စာရေးခြင်းအလုပ်နှင့် ပတ်သက်လာလျှင် သူဘယ်တုန်းကမှ စိတ်နှစ်ခွမဖြစ်ခဲ့။ ယုံကြည်စိတ်ချမှုအပြည့်ရှိသည် ။

‘အင်းပါ၊ ဟုတ်ပါပြီ။ ဒါပေမဲ့ မင်းဘဝ ရပ်တည်နိုင်ဖို့ အတွက် ဘာအလုပ်လုပ်မလဲဆိုတာကို ဖေဖေ မေးနေတာပါ’

သူတို့ သားအဖ၏ အနေအထားမှာ ထိုသို့ ဖြစ်၏။

ဘာပဲဖြစ်ဖြစ်၊ မိခင်လုပ်သူကတော့ ဂရက်ကို အားပေးသည် ။ သားတော်မောင်၏ ရည်ရွယ် ချက်ကို သဘောပေါက် နားလည်လွန်းလို့တော့ မဟုတ်။ သားကို ချစ်စိတ်နှင့်သာ အားပေး အားမြှောက် လုပ်ခဲ့ခြင်း ဖြစ်၏။ သူ့အနေဖြင့် ဒါတွေကို နားလည်နေဖို့ မလို။ တတ်သိနေဖို့ မလို။ သား၏ အရည်အချင်းကို ယုံကြည်စိတ်ချမှုရှိဖို့ ပဲ အရေးကြီးသည် မဟုတ်လား။

ဂရက်ဂရီ အသက်နှစ်ဆယ့်ခြောက်နှစ်တွင် သူ၏ ပထမဆုံးဝတ္ထုကိုရောင်းရသည် ။ ကြိုတင် စာမူခအဖြစ် ဒေါ်လာနှစ်ထောင့်ငါးရာရသည် ။ စာမူခက ဘာမှ မပြောပလောက်။ သို့ပေမဲ့ စာဆက် ရေးဖို့ အားတက်လာသည် ။ နောက်ဆုံးတွင် စာရေးဆရာ တစ်ယောက်အဖြစ် အောင်မြင်နိုင်ဖို့ ရေခံမြေခံအရေးကြီးသည် ။ ထို့ကြောင့် လော့စ်အိန်ဂျလိစ်တွင် သွားရောက်နေထိုင်ခွင့်ပြုပါဟု မိခင်ကို မေတ္တာရပ်ခံစည်းရုံးသည် ။ မအေကြီးက သားတော်မောင်အား တစ်လ ဒေါ်လာငါးရာ ထောက်ပံ့ခွင့်ပြုလျှင် သွားနေနိုင်သည် ဟု အမိန့်ချသည် ။

သို့ဖြင့် ဂရက်ဂရီ ဟောလိဝုဒ်သို့ ရောက်ခဲ့သည် ။

သုံးနှစ်လုံးလုံး တစ်နေ့စွံနိုး၊ တစ်နေ့စွံနိုးနှင့် တဝဲဝဲတလည်လည်ဖြစ်နေခဲ့သည် ။ သုံးနှစ် ကျော်မှ ပင် သူ့ဇာတ်ညွှန်းတစ်ပုဒ် ရောင်းစွံသွားသည် ။ ငွေကြေးလည်း စို့စို့ပို့ပို့ရလိုက်သည် ။

ထို့နောက်ပိုင်း ရုပ်မြင်သံကြား ဇာတ်လမ်း သုံးပုဒ်ရောင်းလိုက်ရပြန်သည် ။

သူသည် ကောက်ကာငင်ကာ ဆိုသလို အောင်မြင်မှု လမ်းမပေါ် ရောက်လာသည် ။ ခုတော့ ကနဦးပိုင်းက ရုပ်ရှင် စတူဒီယိုတိုင်း၏ စားပွဲများကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်ခဲ့ရပြီး‘ကျုပ်တို့ နှင့် မကိုက်’မှ သည် ‘အဆင့်မမီသေး’ထိ မှတ်ချက် အချခံခဲ့ရသည့် ဇာတ်ညွှန်းများကို ထိုသို့မှတ်ချက်ချ ခဲ့သူများကပင် ပြန်ဖတ်ပြီး‘ထိပ်တန်း လက်ရာ’ပဲ ဟု ချီးကျူးခံထားရသည့် အနေအထားသို့ ရောက်နေပြီ။

အောင်မြင်မှုက သူနှင့်အတူ သရော်လှောင်ပြောင်ချင်စရာလေးတွေကိုလည်း တပါတည်းခေါ် ဆောင်လာခဲ့လေသည် ။

ယခင်ကပိတ်ထားသော တံခါးတွေကို ယခုအခါ တံခါးမခေါက်ဘဲ တန်းဝင်လို့ ရနေပြီ။ တစ်ခါ တစ်ရံ မိမိတွေ့ချင်သူ မအားသဖြင့် ခဏတဖြုတ် စောင့်နေရချိန်များ တွင် ထိုသူတွေ၏ အတွင်းရေးမှူး က ဂရက်ဂရီကို လက်ဖက်ရည်သို့မဟုတ် ကော်ဖီဖြင့် ဧည့်ခံပြီး သူ့ကို‘ဆရာ’ဟု ခေါ်နေကြပြီ။ အပြည်ပြည်ဆိုင်ရာ ကိုယ်စားလှယ်လုပ်ငန်းအဖွဲ့ကြီးကို ကိုယ်စားပြုနေသည့် သူ့ကိုယ်စားလှယ်သည် ခုတော့ သူ့ကို အရေးတယူနှင့် ပျူပျူငှာငှာဖြစ်နေ၏။ ယခင်က ခပ်ရှောင်ရှောင်ဖယ်ဖယ်နေခဲ့ကြ သည့် သူ့အပေါင်းအသင်းများက သူ့ကို တလေးတစားဆက်ဆံနေကြ၏။ နေရာပေးကြ၏။ ချက်ချင်းလက်ငင်း မိတ်ဆွေသစ်တွေ တိုးပွားလာသည် ။ ခပ်မင်သူတွေဝိုင်းဝိုင်းလည်လာသည် ။

ဂရက်ဂရီကတော့ မိမိ သည် လိုဖြစ်လာလိမ့်မည်ဟု မျှော်လင့်မထားရိုးအမှန်။ စင်စစ် သည် လို လည်း မဖြစ်ချင်။ အံ့မှ ိုင်းနေသော မိမိ၏ လူမှုရေး မိုးကောင်းကင်ကြီးပွင့်လင်းလာချိန်တွင် မှ

တွေ့ခဲ့ရ သည့် ခင်မင်နှစ်လိုသူတွေထဲတွင် ရှာရွှန်လည်း တစ်ယောက်အပါအဝင်။ ဤသည် ကား သူ၏ ခံစားမှု ကင်းမဲ့သော အတွေးများ ။ သူက စားပွဲပေါ်ခါးကိုင်းပြီး တယ်လီဖုန်းဖြေစက်ခလုတ်များကို နှိပ်လိုက် ၏။ ခလုတ်တွေက သူ့ကို တွန်းကန်တော့မည့်နှယ်။

ကော်ဖီနှင့် ဆီကြော်မုန့်များ သယ်ပြီး ဝင်လာသည့်ရှာရွှန်ကြောင့် ဂရက်ဂရီ ဆက်မတွေးနိုင် တော့။

ရှာရွှန်က သူ့အား ကော်ဖီပန်းကန်လှမ်းပေးသည် ။ သူ့မျက်စိအောက်မှ မျက်ကွင်းညိုများ နှင့် စိတ်ပျက်လက်ပျက်ဖြစ်နေသော သူ့မျက်နှာကိုကြည့်သည် ။ သူ့သွင်ပြင်ကြောင့် ရှာရွှန်စိတ်ထဲ ကသိ ကအောက်ဖြစ်သွားသည် ။ မိမိ၏ ကြိုတင်တွေးဆချက်တွေထဲတွင် သည် အချက်မျိုးမပါ။ သည် ည ဂရက်ဂရီဖြစ်နေပုံမျိုးကို တွေးဆမထား။ ထုံးစံအတိုင်းဆိုလျှင် ဂရက်ဂရီက အလွန်မတန် ပျော်တတ် သူ။ ချစ်မက်စရာကောင်းသူ။ သူ့ကြည့်ရတာ ကလေးတစ်ယောက်လိုပဲ ရှာရွှန် မကြာမကြာစဉ်းစား မိ၏။ သူ့သွင်ပြင်က မိမိရင်တွင်းမှ မိမိစိတ်ကိုနိုးကြွစေသည် ။ သို့ကြောင့်လည်း သူ့ကို သည် လောက် ထိချစ်နေမိခြင်းဖြစ်မှာ ။ ရှာရွှန်က သူ့ပါးကို အသာအယာ ပွတ်သပ်လိုက်၏။

'မောင့်ကြည့်ရတာ စိတ်ပျက်လက်ပျက်နိုင်လိုက်တာ ဂရက်ရယ်'

ဘာကြောင့်မှန်းမသိ။ ရှာရွှန့်အသံထဲမှ ကြင်နာယုယမှုကို သူ ကြောက်မိသလိုဖြစ်သွားသည် ။

'ဒီနေ့စာရေးရတာ အဆင်မပြေလို့ ဖြစ်မှာ ပါ'

သူ့ဆင်ခြေကို ရှာရွှန်လက်သင့်ခံလိုက်၏။ မိမိကိုယ်တိုင်

မင်းသမီးတစ်လက်ဖြစ်နေတော့ တီထွင်ဖန်တီးမှုများ ပြုလုပ်နေရသည့် အနုပညာသည် များ ၏ အခက်အခဲနှင့် စိတ်ဝေဒနာကို နားလည်သဘောပေါက်သည် ။ သည် အလုပ်မျိုးက ရှန်းကန်ရသည် ။ ညှစ်အားထုတ်ရသည် ။ သံသယ နှင့်နပန်းလုံးရသည် ။ အထီးကျန်မှုနှင့် မိတ်ဆွေဖွဲ့ရသည် ။

'ဒါဆိုလဲ ရေချိုး လိုက်လေ၊ ရေချိုးပြီးရင် ကျောကိုနှိပ်ပေးမယ်၊ တောင့်တင်းကိုက်ခဲနေတာ တွေ ပျောက်သွားရစေမယ်'

ရှာရွန် ခပ်ရွှင်ရွှင်ပြော၏။ ဂရက်က ကော်ဖီတစ်စုံသောက်၏

'တကယ်ပဲကွာ၊ အဲဒီမိန်းမရဲ့ မျက်နှာကတော့ ထူးခြားတယ်'

ကိုယ့်ကိုယ်ကိုပြောသလို ပြောနေ၏။

'ဘယ်မိန်းမလဲ'

ညောင်စောင်းပေါ်တွင် ကျုံ့ကျုံ့ထိုင်နေသည့်ရှာရွန်မေးသည် ။

'ရုပ်ရှင်ထဲကမိန်းကလေးလေ။ သူ့နာမည်က ဘယ်သူတဲ့ ၊ ဘရွတ်အက်ရှ်လီ ဟုတ်လား'

အမျိုးသမီး၏ ပုံရိပ်ကို မျက်စိထဲ ပြန်လည်မြင်ယောင်မိ၏။ ဂရက်မိမိလည်ကုပ်ကို လက်ဖြင့် ပွတ်သပ်နေမိ၏။

'ဟုတ်တယ် သူကဆုံးသွားပြီလေ၊ သိတယ်မဟုတ်လား အဲဒီဇာတ်ကားရိုက်ပြီး သိပ်မကြာ ခင်လေးမှာ ပဲ ဆုံးသွားတာထင်တယ်။ ဒါပေမဲ့ ဒီအမျိုးသမီးဟာ ဒီလောက်ထူးထူးခြားခြားကြီး ချော လှတယ်လို့ ကျွန်မတော့မထင်မိပါဘူး။ သူ့အလှက ထောင့်ကိုးရာသုံးဆယ်ဝန်းကျင်တုန်းက မင်းသမီးတွေရဲ့

ကောင်းကန်ဆန်တဲ့ အလှမျိုးပဲ။ နေပါဦး၊ မောင်က ဘယ်တုန်းကစပြီး မယ်သီလရှင် တွေကို သဘောကျနေတာလဲ’

ဂရက်ဂရီ ခေါင်းယမ်းသည် ။

‘သူ့အလှက အဲဒီအလှမျိုး မဟုတ်ဘူး ။ ဒါပေမဲ့ သူ့အလှမှာ အာရုံကိုလှုပ်နှိုးနိုင်စွမ်းတဲ့ အရည် အသွေးတစ်မျိုးလဲ ရှိနေတယ်လေ’

ရှာရွန့်ရယ်သံမှာ အငေါ်တူးသံကလေး စွက်နေ၏။

‘ဘုရားရေ...မောင်ပြောနေပုံက မင်းသမီးတစ်ယောက်ကို အရူးအမူးစွဲနေတဲ့ မြီးကောင် ပေါက် ကျောင်းသားလေးကျနေတာပဲ’

ထို့နောက် မေးခွန်းတစ်ခု ကောက်ကာငင်ကာမေးသည် ။

‘ကျွန်မကိုပြောပြစမ်းပါဦး မောင်ရယ်၊ မောင် ဒီလိုပဲ ခဏခဏငိုတတ်သလားဟင်’

ဂရက်ဂရီ ဆတ်ခနဲမော့ကြည့်သည် ။

‘ဘာအဓိပ္ပာယ်လဲကွ၊ မင်းစကားက’

‘အင်း...ကျွန်မတို့ က မကြာမီ လက်ထပ်ကြတော့မှာ လေ။ ကျွန်မအနေနဲ့ ဒီလိုကိစ္စလေးတွေ သိထားသင့်တယ် မဟုတ်လား’

သူ့စကား၏ လေးနက်မှုကို ဖုံးကွယ်သောအားဖြင့် ခပ်လွင်လွင်ပြုံးပြီးပြောသည် ။

‘ကိုယ် ကလေးဘဝကျော်လာကတည်းက တစ်ခါမှ မငိုခဲ့ဖူးဘူး’

‘ဒါဆို ဘာဖြစ်လို့ ဒီညကျတော့ ငိုရတာလဲ’

ဂရက်ဂရီ လက်တစ်ဖက်ဖြန့်ပြသည် ။

‘ထိန်းလို့ မရဘူး။ ကိုယ့်ရင်ထဲကခလုတ်တစ်ခုကို တစ်ခုခုကနှိပ်လိုက်သလို မျက်ရည်တွေ ဒလဟောကျလာတာပဲ။ အဲဒါကို ကိုယ်လဲရှင်းမပြတတ်ဘူး’

သူ့အား အကြာကြီးစိုက်ကြည့်နေပြီးမှ ရှာရွှန် ပြုံးလိုက်၏။

‘အင်း…နေ့စဉ်နဲ့ အမျှ မောင့်ကို အငိုတိတ်အောင်ချော့မနေရလို့ကတော့ ကိစ္စမရှိပါဘူး။ နေ့စဉ်နေ့တိုင်း ဆိုရင်တော့ ကျွန်မလဲ မတတ်နိုင်ဘူးလေ’

ကော်ဖီပန်းကန်ကို စားပွဲပေါ်တင်လိုက်ပြီး..

‘မောင်…ရေချိုးဖို့ ရေဖြည့်ထားလိုက်မယ်လေ။ မောင်အနားယူဖို့ လိုအပ်နေရောပေါ့’

ညှော့ခန်းထဲမှ ထွက်သွားသော အမျိုးသမီးကို လိုက်ကြည့်နေ၏။ စီးကရက်တစ်လိပ်ထုတ်ပြီး မီးညှိတော့ သူ့လက်တွေတုန်ယင်နေကြောင်း သတိထားမိသည် ။ ရှာရွှန်ပြောတာ မှန်ချင်မှန်နေမှာ ပေါ့ ဟု စဉ်းစားမိသည် ။ မိမိလိုအပ်နေသည် မှာ ရေနွေးနွေးလေးချိုးပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ကာ အနား ယူလိုက်ဖို့ ပင်မဟုတ်လား။

***

# အခန်း ၃

ဂရက်ဂရီ ဆောင့်ကြောင့်ထိုင်နေသည် ။ မီးညွှန့်ကျသွားသည် ကို ကြည့်နေသည် ။ သည် မြင်ကွင်းကိုကြည့်ရသည် မှာ လူတစ်ယောက် သေဆုံးသွားသည် ကို ကြည့်ရသလို။ လူတစ်ယောက်၏ ခန္ဓာကိုယ်ထဲမှ တဖြည်းဖြည်း သွေးဆုတ်ပြီး အသက်ထွက်သွားသည် ကို ကြည့်နေရသည့်အလား။

မိမိ၏ တင်စားအတွေးကို ဘာသာ အပြစ်တင်မိ၏။ မိမိ၏ ထာဝရ မဟာမိတ်ဖြစ်သော စိတ်ကူးဉာဏ်ကွန့်မြူးမှုက မိမိကို လွှမ်းမိုးစိုးပိုင်ဖို့ ကြိုးစားနေပါပြီကော။

သို့သော်...

ဘယ်အရာလဲ။

ကြောင်လား။

မဟုတ်။ ဖဲလစ်ကတော့ စားပွဲပုလေးပေါ်စာအုပ်ကို မီးပုံထဲသို့ ပစ်ထည့်နိုင်မည်မဟုတ်။ ကော်ဖီစားပွဲပုလေးက မိမိ၏ ဘယ်ဘက်မှာ ။ မီးလင်းဖိုက မိမိ၏ ညာဘက်မှာ ။

ရှာရွှန်များ လား။

ထိုင်ရာမှ ကမန်းကတန်း ထသည် ။ အိပ်ခန်းဆီသို့

ကော်ဇော်ခင်းထားသည့် လမ်းအတိုင်း လျှောက်သွားသည် ။

ရှာရွှန်က အိပ်ပျော်နေသည် ။ လ ရောင်အောက်တွင် မျက်နှာမှာ သွေးမရှိသလို ဖြူရော်လျက်။ သူ့နံဘေးတွင် ဖရိုဖရဲဖြစ်နေသည့် စောင်တွေ အပုံလိုက်။ အမျိုးသမီးတစ်ချက်ယောင်ယမ်းပြီး စောင်းအိပ်နေရာမှ ပက်လက်လှန်လိုက်သည် ။ နှစ်နှစ်ခြိုက်ခြိုက်မရှိသော အိပ်ပျော်ခြင်း။

ဂရက်ဂရီ အိပ်ခန်းပြတင်းပေါက်ဆီ လျှောက်သွားသည် ။ ဇာခန်းဆီးပါပါးလေးကို ဆွဲဖွင့် သည် ။ အပြင်ဘက်ပန်းခြံမှ သစ်ပင်ပန်းပင်များ သည် မှိုင်းညို့နေ၏။ ပန်းခြံတစ်ခုလုံး ငြိမ်သက်နေသည် ။ တိတ်ဆိတ်နေသည် ။

စာကြည့်ခန်းသို့ ပြန်ခဲ့သည် ။ မီးရှိန် သေသွားပြီ။ မီးကျီခဲများမှ အပူငွေ့ မထုတ်နိုင်တော့။ ကုလားထိုင်တွင် ဝင်ထိုင်သည် ။ စီးကရက် နောက်တစ်လိပ် မီးညှိသည် ။

ဘာကို ဘယ်လိုစဉ်းစားရမှန်းမသိ။ သည် အနေအထားမျိုးမှာ ဘာကိုစဉ်းစားလို့ ရနိုင်ပါ့မလဲ။

ဖြစ်နိုင်ချေ တစ်ခုပဲရှိသည် ။ ဆင်ခြင်တုံတရားဖြင့် စဉ်းစားလျှင် တစ်ခုတည်းသော ဖြစ်နိုင် ချေမှာ သည် လုပ်ရပ်ကို မိမိကိုယ်တိုင် ပြုလုပ်လိုက်ခြင်းပဲဖြစ်မည်။ အိပ်ပျော်နေရင်း လုပ်လိုက်မိတာ ဖြစ်မည်။ အိပ်ပျော်နေလျက်က စာအုပ်ကို လှမ်းယူပြီး မီးပုံထဲ ပစ်ထည့်လိုက်မိတာ ဖြစ်မည်။

သည် ဇာတ်ကွက်ကို ဇာတ်ညွှန်းထဲမှာ ထည့်ရေးမိလို့ ကတော့ မဆိုင်းမတွ အပယ်ခံရမှာ မုချ။ သို့သော် ဖြစ်ရပ်မှန်က စိတ်ကူးထက်ပိုပြီး ဆန်းကြယ်နေတတ်သည် လေ။ မိမိတွေးဆသလို

ဖြစ်သွား တာပဲ ဖြစ်ရမည်။ သည့်ထက်ကြောင်းကျိုးဆီလျော်သည့် ဖြေရှင်းချက်မျိုးလဲ မရနိုင်တော့။

လွန်ခဲ့သည့် နှစ်ရက်အတွင်း မိမိ၏ ရင်တွင်း လှုပ်ရှားမှုများ သည် ဆန်းပြားနေသည် ။ ခံစား ချက်အသစ်တွေ ဖြစ်ထွန်းနေသည် ။ အိပ်လျက် လမ်းလျှောက်မိတာမျိုးလား။ မိမိသည် အိပ်ပျော် ရင်း စကားတွေပြောမိခိုင်လည်း ပြောနေမိလိမ့်မည်။

သြော်...ဒုက္ခပါလား။ သည် နည်း သည် ပုံဖြင့် စဉ်းစားဆင်ခြင်နေလို့ ကတော့ ဘာမျှအဖြေ ထွက်မှာ မဟုတ်။ ဘာမျှ ကောက်ချက်ဆွဲလို့ ရမှာ မဟုတ်။ ဟုတ်သည် ။ အိပ်ပျော်နေလျက် ပြုလုပ်မိ တာပဲ ဖြစ်ရမည်။ ဖြစ်နိုင်ချေဆိုလို့ သည် တစ်နည်းပဲ ရှိသည် ။

စီးကရက်ကို ထိုးခြေပစ်လိုက်၏။ သူ့လက်မှာ တုန်ယင်နေဆဲ၊ မီးလင်းဖိုရှေ့မှ သံဇကာ အကာကို ဆွဲပိတ်သည် ။ ဖဲလစ်ကို ကောက်ချီဖို့ ခါးကိုင်းလိုက်သည် ။ ကြောင်ကြီးက ဆတ်ခနဲ နောက် တွန့်သွားသည် ။ အမွေးတွေ ထောင်ထလာသည် ။

'ဟေ...စိတ်ချောက်ချားနေတာ ငါတစ်ယောက်တည်း မဟုတ်ပါလား။ ကဲ...ထ ပါကွာ ဖဲလစ်'

ကြောင်ဆီသို့လက်ကို စောစောကထက်ပိုပြီး ဖြည်းညင်းစွာ ကမ်းသည် ။ သည် တစ်ခါတော့ ကြောင်ကြီးနောက်မဆုတ်တော့။ ကြောင်ခေါင်းကို အသာအယာ ပုတ်ပေးသည် ။ ကြောင်က သူ့ကို ပြန်ပြီး တိုးခွေ့ပွတ်သပ်သည် ။

'လာကွာ...ဘော်ဒါကြီး'

သည် ကြောင်ကြီးသူနှင့်အတူ နေလာသည် မှာ ငါးနှစ်နီးပါးရှိပြီ။

သူတို့ က အပြန်အလှန် ချစ်ခင်လေးစားကြသည် ။ ဂရက်ဂရီကြောင်ကြီးကို ကောက်ချီပြီး စားဖိုဆောင်ထဲထည့်ပေးလိုက်၏။ ပြီးတော့ အိပ်ခန်းဘက်သို့ လျှောက်ခဲ့၏။

မိမိလိုအပ်နေသည် မှာ အခြားအရာတွေ အားလုံးထက် အိပ်စက်အနားယူဖို့ ပဲဖြစ်သည် ဟု ဆုံးဖြတ်လိုက်၏။ စိတ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှုက မဖွယ်မရာ ကသောင်းကနင်းဖြစ်ရပ်တွေကို ဖန်တီးတတ်သည် မဟုတ်လား။ သည် တော့ စိတ်ကို အနားပေးရမည်။ စိတ်ကို အားမွေးရမည်။ အိပ်စက်အနားယူခြင်းဖြင့် စိတ်ကို အနားပေး အားမွေးရမည်

***

သို့သော်...

အိပ်စက်ခြင်းကမ္ဘာမှာ လည်း ရန်စွယ် အန္တရယ်တွေရှိပါသည် ။

သူအိပ်ပျော်သွားသည် နှင့် တစ်ပြိုင်နက် အိပ်မက် မက်တော့၏။

ဘရွတ်ဝတ်ထားသည် မှာ ဘာအဝတ်အစားမှန်းမသိ။ အဖြူရောင်။ နူးညံ့ အိစက်နေသည် ။ သူ့ကိုယ်မှာ ကပ်နေသည် ။ ကျောပြင်ကတော့ ပြောင်တလင်း။ သလင်းကျောက်လို ဖြူအုနေသော ကျောပြင်သားက မှိန်ပျပျ လရောင်အောက်မှာ ဝင်းပစွာ။

သူတို့ နှစ်ယောက် တောင်ကုန်းလေး တစ်ခုပေါ်မှာ ရပ်နေကြသည် ။ လော့စ်အိန်ဂျလိစ်မြို့၏ မီးရောင်များကို ငုံ့ကြည့်နေကြသည် ။ အနက်ရောင်ပတ္တာူစပေါ်တွင် စုတ်ချက်ကြမ်းကြမ်းဖြင့် ခတ် ထားသည့်

ပန်းချီကားတစ်ချပ်။ သူသည် ကိုယ့်မျက်နှာကို ကိုယ်ပြန်ပြီး မမြင်ရ။ အဝတ်အစားတွေပဲ မြင်ရသည် ။ ညစာစားပွဲဝတ်စုံ။ ရှူးဖိနပ်များ ။

'ကျွန်မလေ…ညဘက်ရောက်ရင် ဟောဒီ မြို့တော်ကြီးကို သိပ်ချစ်တာပဲ။ ဟိုးအောက်မှာ ရှိ နေတဲ့ လူတွေ…သူတို့ ဘယ်သူတွေလဲ မသိဘူးနော်။ နောက်ပြီး သူတို့ ဘာတွေများ စိတ်ကူးယဉ် မျှော်မှန်းထားကြမလဲဆိုတာ သိချင်လိုက်တာ'

သူက အမျိုးသမီး၏ ပခုံးနှစ်ဖက်ပေါ်သို့ မိမိ လက်တွေ တင်လိုက်၏။ သူ့လက်ဆစ်များ ပေါ် တွင် အနက်ရောင်ဆံပင်များ တင်နေသည် ။ သူ၏ ညာဘက် လက်သူကြွယ်ပေါ်တွင် ရွှေလက်စွပ်တစ် ကွင်း။

'ကိုယ်ကတော့ မင်းကိုချစ်တယ်။ နေ့ကောညပါ ချစ်နေတာ'

အမျိုးသမီးသည် အပြုံးဝင်းပဖြင့် သူ့ဘက်လှည့်လာသည် ။

'ကျွန်မ…'

ထို့နောက် အမျိုးသမီး မှုန်ဝါးပျောက်ကွယ်သွားသည် ။ မီးတွေ တဖြုတ်ဖြုတ် မှိ တ်ကုန်သည် ။ သူ့ခြေထောက်အောက်မှာ တောင်ကုန်းမရှိတော့။ မှောင်အတိ။ တရှိုက်ရှိုက်တိုက်နေသော လေသံ။

မိမိအိပ်ရာထဲ မိမိပြန်ရောက်နေသည် ကို သိလိုက်၏။ အိပ်ပျော်လျက်။

သို့သော် မိမိတစ်ကိုယ်တည်း မဟုတ်။ မိမိနံဘေးတွင် မည်းမည်းအရိပ်တစ်ခု ရပ်နေသည် ။ အရိပ်မည်းကြီးက အိပ်ပျော်နေသော မိမိကိုယ်ခန္ဓာကို ငုံ့ကြည့်နေသည် ။ မိမိက အိပ်ပျော်နေသည် ။ မိမိမျက်လုံးတွေ မှိ တ်ထားသည် ။ သို့သော် အရိပ်ကြီးကို မြင်နေရသည် ။

အ ရိ ပ် ကြီး မှာ မိန်းမတစ်ယောက်။ အရိပ်ကြီးကဝတ်ရုံနက်ကြီးခြုံထားသည် ။ မျက်နှာကို ဖုံး နေသော ခေါင်းစွပ်ကြီးစွပ်ထားသည် ။ သို့ပေမဲ့ သည် အရိပ်သည် မိန်းမတစ်ယောက်ဖြစ်မှန်း မိမိ တစ်နည်းတစ်ဖုံအားဖြင့် သိနေသည် ။

မိမိဇောချွေးတွေ ပြန်လာသည် ။

ဝတ်ရုံနက်နှင့်မိန်းမက မိမိနံဘေးမှာ ရပ်နေဆဲ။ မိမိကို ငုံ့ကြည့်နေဆဲ။ သည် မိန်းမ၏ မျက်နှာ ကို မြင်တွေ့ရလျှင် ကောင်းမှာ ဟု တွေးမိ၏။ မျက်လုံးတွေဖွင့်ဖို့ အားထုတ်သည် ။

'အို...ဒုက္ခပဲ။ ဘာတွေဖြစ်နေတာလဲ။ ဘာဖြစ်လို့ ငါ့မျက်လုံးတွေ ဖွင့်လို့ မရတာလဲ။

အို...ဒါအိပ်မက်ပဲ။ ကိုယ့်ကိုကိုယ် ပြော၏။ မိမိအိပ်ပျော်နေရာမှ နိုးထလို့ ရနိုင်တာပဲဟု ကိုယ့် ကိုကိုယ်ပြော၏။ ဟုတ်တယ်၊ ဒါဟာ အိပ်မက်ပဲ'

ဝတ်ရုံနက်နှင့်မိန်းမ၏ အမုန်းတရားကို ခံစားလို့ ရနေသည် ။

ထို့နောက် ထိုမိန်းမက စကားစ ပြောသည် ။

'ကင်းကင်းရှင်းရှင်းနေ'

သူ့အသံက မိမိကိုကြိတ်ဝါးနေ၏။ အသံကကြမ်းသည် ။ အာဃာတကြီးသည် ။ အမျက်ဒေါသ များ ပြွမ်းနေသည် ။

'ဘရွတ်နဲ့ ကင်းကင်းရှင်းရှင်းနေ။ သူ့ကိုလက်ရှောင်နေစမ်း'

မိမိ အတင်းရုန်းသည် ။ လူးသည် ။ လွန့်သည် ။ သည် မိန်းမကိုသံကုန်ဟစ်ပြီး အော်ပစ်လိုက် ချင်သည် ။

ရိုက်ပစ်လိုက်ချင်သည် ။ 'သွားစမ်း၊ အယုတ်တမာမ'ဟု စိတ်ထဲမှ ကြုံးဝါးသည် ။ အိပ်ရာ မှ နိုးချင်လှပြီ။ တစ်ခြားအရာတွေ အားလုံးထက် မျက်စိတွေဖွင့်ချင်သည် ။ အိပ်ရာမှ နိုးချင်သည် ။

ကြိုးစားသည် ။ အားထုတ်သည် ။ သို့သော် မျက်ခွံများကို ပင့်တင်လို့ မရ။ မျက်ခွံများကမ လှုပ်။ အို…လုပ်ကြစမ်းပါဦး။ နိုးပါတော့။ ပွင့်ပါတော့။ မျက်စိတွေရယ် ပွင့်ကြပါတော့။ အို…တအိတ် … တဆိတ်ကွယ်။ ခုနေမှာ မှ မနိုးနိုင်လျှင် မိမိ ဘယ်တော့မှ နိုးတော့မည်မဟုတ်ဟု အထိတ်တလန့် တွေး၏။

နိုးသွားသည် ။

သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေ၏။ လည်ချောင်းမှာ ခြောက်ကပ်နေ၏။ အော့ချင်အန်ချင် လာသည် ။

ရေချိုးခန်းဆီသို့ ဒယီးဒယိုင်သွားသည် ။ ရေအေးအေးဖြင့် မျက်နှာသစ်သည် ။ ရေကို အငမ်း မရသောက်သည် ။

ခုတင်ဆီသို့ပြန်သွားသည် ။ ခုတင်စွန်းတွင် ဝင်ထိုင်သည် ။ စီးကရက်တစ်လိပ်မီးညှိသည် ။ သူ့နောက်ဘက်မှ ရှာရွှန် လူးလွန့်လာသည် ။

'ဂရက်…ဘာတွေဖြစ်…'

သူက ကိုယ်ကိုနောက်ဘက်လှန်ပြီး ကိုယ်ထစ်ခြမ်းစောင်းကာ ရှာရွှန့်ပါးကို နမ်းလိုက်၏။

'ဘာမှ မဖြစ်ပါဘူး အချစ်ရယ်။ ပြန်အိပ်နော်၊ ပြန်အိပ်'

ရှာရွှန် ဗလုံးဗထွေးရေရွတ်ရင်း ငြိမ်သက်သွားသည် ။ အမျိုးသမီး၏ အေးချမ်းမှုကို မနာလို ပင်ဖြစ်မိ၏။ ခုတင်ပေါ် ကျောဆန့်လိုက်၏။

စီးကရက်သောက်နေသည် ။ မျက်နှာကြက်ကို ငေးကြည့် နေသည် ။ အိပ်ချင်စိတ်က သူ့အား ဘယ်တုန်းကမျှ ခုတစ်ခါလောက် ရှောင်တိမ်းမနေခဲ့စဖူး။

***

ဆယ်နာရီထိုးမှ အိပ်ရာမှ နိုးလာသည် ။ အတန်အသင့်လန်းဆန်းနေသည် ။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ သူအိပ်ပျော်သွားတာပဲမဟုတ်လား။ အိပ်ရမှာ ရှုံ့နေသည့်တိုင် အိပ်ပျော်သွားတော့ အိပ်မက်ဆိုးတွေ ထပ်မမက်တော့။ ရာရွှန်က စားဖိုဆောင်စားပွဲပေါ်တွင် စာလေးတစ်စောင် တင်သွား သည် ။

မောင့်ကိုကြည့်ရတာ ချစ်စရာကောင်းလွန်းလို့ နှိုးမနေတော့ဘူး။ နောက်မှ တယ်လီ ဖုန်းဆက်မယ်။ မနက်စာတော့ စားဖြစ်အောင်စားနော်။

**အချစ်**

**ရာရွှန်**

ရာ ရွှ န့် အ မှာ စကားကို သူက လိုက်နာခြင်းမပြု။ သူကကော်ဖီဖျော်သည် ။ သုံးခွက်သောက် သည် ။ ပြီးတော့ သတင်းစာဖတ်ရင်း စီးကရက်တစ်လိပ်ပြီးတစ်လိပ်သောက်သည် ။

နောက်ဆုံး သတင်းစာဆီမှ မျက်နှာခွာပြီး ပြတင်းပေါက်မှ တဆင့် အပြင်ဘက်သို့ကြည့်လိုက် ၏။ ခုမှ သတိထားမိသည် ။ သည် နေ့ကား သာယာသောနေ့ပါကလား။ စားဖိုဆောင်မှ လှမ်းကြည့် လျှင် အိမ်၏

ဘေးဘက်ပန်းခြံကို မြင်နေရသည် ။ ခြံစည်းရိုးခြားထားပြီး လူကိုမမြင်ရသည့်တိုင် တစ်ဘက်ခြံမှ အမျိုးသမီး၏ အသံကို ကြားနေရသည် ။ ငှက်များကို အစာကျွေးဖို့ တကစ်ကစ်ဖြင့်ခေါ် နေသံ။ ဤကား သည် အမျိုးသမီး၏ နိစ္စဓူဝအလုပ်။ ကောင်းတော့ကောင်းသား။ အမျိုးသမီးက သူတို့ ခြံထဲတွင် ငှက်များကို နေ့စဉ်မပြတ်အစာကျွေးသည် ။ ငှက်တွေက သူကျွေးသည့်အစာကိုစားပြီး မိမိ၏ ပန်းခြံထဲပြန်လာကြသည် ။ မိမိ၏ ပန်းခြံကို အသက်ဝင် လှုပ်ရှားပြီး ပျော်စရာကောင်းအောင် ဖန်တီးကြသည် ။

နံနက်ခင်း၏ ကြည်စင်တောက်ပမှုက မနေ့ညက ဖြစ်ရပ်များကို မေ့မှန်သွားစေသည် ။ ဟုတ် ပါသည် ၊ စာအုပ်ကို မိမိကိုယ်တိုင်ပဲ မီးလင်းဖိုထဲပစ်ထည့်မိတာ ဖြစ်မှာ ပါ။ မိမိအိပ်ရာမဝင်မီ အသား ညှပ်ပေါင်မုန့်တွေ မစားသင့်။ မိမိကလေးဘဝက မေမေသတိပေးခဲ့ဖူးသည် မဟုတ်လား။

'အစာမကြေရင် အိပ်မက်ဆိုးတွေမက်တတ်တယ်နော်၊ ဂရုစိုက်တဲ့ 'လေ။ ဘာပဲဖြစ်ဖြစ် မေမေ ပြောခဲ့တာ သည် တစ်ချီတော့ မှန်သွားပြီ။

မိမိ၏ စီမံကိန်းကို စ တော့မည်။ ဇာတ်ဖွင့်ခန်းအတွက် ခေါင်းထဲမှာ စိတ်ကူးရထားပြီ။ မိမိ အနေဖြင့် လုပ်ရမည့်အလုပ်ကို ယခုထက် ပိုမိုဝါယမစိုက်ပြီး လုပ်သင့်သည် ။ စိတ်ကူးယဉ်အတွေး များကို လျှော့ချပစ်ရမည်။

သည် အတွေးက သူ့ကို အားသွင်းပေးလိုက်၏။ ကော်ဖီပန်းကန်လို ကြွေဇလုံထဲထည့်သည် ။ ပြီးတော့ လက်ခုပ်တစ်ချက်တီးကာ'လုပ်ငန်း စ မယ်'ဟု ကြွေးကြော်လိုက်၏။

စားဖိုဆောင်ထဲရှိ ကုလားထိုင်တစ်လုံးပေါ်မှ ဖဲလစ်က သူ့ကို ပျင်းရိစွာမော့ကြည့်၏။

ဂရက်ဂရီ သွက်သွက်လက်လက် ရေချိုးသည် ။ မုတ်ဆိတ်ရိတ်သည် ။ အဝတ်အစားလဲသည် ။ ဒီရက်ပိုင်းများ အတွင်း ဒီတစ်နေ့တစ်ရက်ပဲ ခုလို ရွှင်လန်းတက်ကြွမိသေးသည် ။ ဝေဒနာမှန်သမျှကို အလုပ်ကပဲ ကုစားနိုင်သည် မဟုတ်ပါလား။ ဤကား လူတိုင်းနှင့်တည့်သည့် သိကြားဆေး၊ ဒီဆေး မရှိလျှင် လူသားထုတစ်ရပ်လုံး ရူးသွားသွားနိုင်သည် ။

စာကြည့်ခန်းထဲ ဝင်သွားပြီး လက်နှိပ်စက်ထဲ ထည့်ထားသည့် စာရွက်လွတ်ကို တွေ့လိုက်ရ ချိန်တွင် သူ့တက်ကြွမှုတွေ ခဏလျှော့ပါးသွားသည် ။ ဒါက ဖြစ်နေကျအဖြစ်။ သို့ပေမဲ့ ဒါက ယာယီခဏပါ။ နောက်တော့လည်း သည် အဆင့်ကို ကျော်လွန်သွားသည် သာ။ ကဲ...စကားလုံးတစ်ချို့ ရိုက်ချလိုက်။ ဘယ်လိုစကားလုံးဖြစ်ဖြစ်ပေ့ါ။

စ ရေးသည် ။

လှေ ကား ထိ ပ် မှာ အမျိုးသမီး ရပ်နေသည် ။ ဖြူဝါးဝါး မြင်ကွင်းတစ်ရပ်။ သူ့အာရုံတွင် အခန်းထဲရှိ လှုပ်ရှားမှု အားလုံး လေးကွေးလာသည် ။ ထို့နောက် ရပ်တန့်သွားသည် ။ အရာရာ တိုင်းကို မြူနှင်းတွေ လွှမ်းနေသလိုလို မှုန်ဝါးဝါးဖြစ်နေ၏။

အမျိုးသမီးက သူ့ကို တည့်တည့်ကြီး ကြည့်လိုက်သည် ။ နှုတ်ခမ်းဝန်းကျင်တွင် အပြုံးတစ်ရပ်တွဲခိုလျက်။ နက်ရှိုင်းသော မျက်လုံးများက မီးလျှံများ ပွင့်ထွက်လာတော့ မယောင် ခြိမ်းခြောက်နေ၏။ သူအမျိုးသမီးဆီသို့ ဆက်လျှောက်သွားသည် ။ လူအုပ်ကြီးက သူ့ကို လမ်းဖယ် ပေးသည် ထင်ရ၏။

'ဟဲလို…'ဟု သူနှုတ်ဆက်လိုက်၏။

'ဟဲလို…'ဟု အမျိုးသမီး ခွန်းတုံ့ပြန်၏။'ရိုးရိုးလေးရေး၊ ရိုးရိုးလေးရေး'

'မင်းက ဘရွတ်အက်ရှ်လီနော်၊ မင်းရိုက်ခဲ့တဲ့ ကားတွေထဲကဇာတ်ကား တစ်ကားကို ကိုယ် ကြည့်ခဲ့ရတယ်'

အမျိုးသမီး ခေါင်းကို ငဲ့စောင်းလိုက်၏။ သူ၏ ပဋိသန္ဓာရစကားကို လက်ခံကြိုဆို ၏။ အမျိုးသမီးပြုံးလိုက်သည် ။ အပြုံးက ဝင်းပစွာ။ အခန်းကို လွှမ်းခြုံနေသည့် မြူနှင်းတွေ လွင့်ပြယ်သွား သည် ။ သူတို့ ဝန်းကျင်မှ စကားပြောသံ တဝေါဝေါကို ပြန်လည်ကြားရသည် ။

ခုမှ သူသတိထားမိသည် ။ အမျိုးသမီးကလက်တစ်ဖက် ကမ်းလင့်ပေးနေပါလား။ ကမ်းလင့် လာသော လက်ကို ဆွဲကိုင်လိုက်၏။ လက်ဆွဲနှုတ်ဆက်ဖို့ ဟန်ပြင်၏။ သို့သော် လက်ဆွဲနှုတ်ဆက် မည့်အစား ထိုနေရာမှာ ပဲ ရပ်နေမိသည် ။ အရှူးတစ်ယောက်ပမာ။ ကျောက်ရုပ်တစ်ရုပ်ပမာ။ သူ့ လက်ဝါးဖြင့် ဆုပ်ကိုင်ထားသည့် လက်တစ်ဖက်မှာ ပူပြင်း လောင်မြိုက်နေ၏။

'မင်း ဒီကို ဘယ်သူနဲ့ လာတာလဲ'

နောက်ဆုံးတွင် သူမေးမိ၏။

အမျိုးသမီးက နာမည်တစ်ခုကို ပြော၏။ သူ့ခေါင်းထဲမှာ ဝေဝေဝါးဝါး။ ထိုနာမည်ကို မမှတ်မိ။

'ခု မင်း ကိုယ်နဲ့ လိုက်ခဲ့လို့ ဖြစ်မလား'

ခုမှ သတိပြုမိသည် ။ သူသည် အမျိုးသမီးလက်ကို ကိုင်ထားဆဲ၊ သို့ဖြင့် အမျိုးသမီး လက်ကို လွှတ်ပေးလိုက်သည် ။

‘ကျွန်မ ကုတ်အင်္ကျီ သွားယူလိုက်ဦးမယ်’

ထူးခြားစွာ အရောင်ထွက်နေသော အပြုံးကို ပြုံးပြလိုက်ပြန်၏။ ဒီအပြုံးက သူ့ရင်ကို လှုပ် ခတ်သွားစေ၏။

ဂရက်ဂရီ လက်နှိပ်စက်ကို တွန်းပစ်လိုက်ပြီး မိမိရေးပြီးသရွေ့ကို ပြန်ဖတ်ကြည့်သည် ။ ရေးရ တာ သက်သောင့်သက်သာရှိသည် ။ သိပ်ပင်ပင်ပန်းပန်းကြီး အားထုတ်မနေရ။ ဤကား ကောင်းသော လက္ခဏာကြီးတစ်ရပ်။ သို့ပေမဲ့ ဖတ်ကြည့်တော့ ရုပ်ရှင်ဇာတ်ညွှန်း ဆန်နေသည် ။ ဝတ္ထုတစ်ပုဒ်ပီသဖို့ အဖွဲ့အနွဲ့နည်းလွန်းနေသည် ။ နောက်ခံမြင်ကွင်းနှင့် အငွေ့အသက် ထည့်ပေးဖို့ လို နေသည် ။ ဧည့်ခံပွဲ။ ဒီဧည့်ခံပွဲ အကြောင်းသရုပ်ဖော်ရမည်၊ လေးဆယ်ခုနှစ်ဝန်းကျင်မျှ ဟောလိဝုဒ်၏ အငွေ့အသက်ကို ဖမ်းဆုတ်ပြရမည်။

သုတေသနလုပ်ငန်း။ ဟုတ်သည် ။ သုတေသန လုပ်ရမည်။ ခေတ်ကာလ အနေအထားကို လေ့လာရမည်။ ဇာတ်လမ်းထဲမှာ အသေးစိတ်အချက်အလက်ကလေးများ ဖြင့် တန်ဆာဆင်ရမည်။ အဆာသွတ်ရမည်။

တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာ၏။

ဆက်သူမှာ စတိဖ်ရှာမန်။ မိမိ ဟောလိဝုသို့ ရောက်စ ကတည်းက ခင်မင်ခဲ့သည့် အပေါင်းအသင်းတစ်ယောက်။ မိမိရှာရွန်နှင့် တွဲနေကတည်းက စတိဖ်နှင့်အတွေ့ကျဲသွားသည် ။ စတိဖ်နှင့် ဇနီးဖြစ်သူ လစ်ဇ်တို့ က ရှာရွန်ကို သိပ်အလေးမထားကြဟု သူထင်သည် ။ စတိဖ်တို့ လင် မယားက နှုတ်မှ တော့ ဘာမှ ထုတ်မပြောကြ။

နှစ်ယောက် စကား ဖောင်ဖွဲ့ကြသည် ။ ရှာရှွန် ခရီးထွက်ကြောင်း သိရတော့ စတိဖ် တစ်ယောက် ဝမ်းမြောက်မှုကို မျိုသိပ်မထားနိုင်တော့။

'ဒီည ညစာလာစားဗျာ။ ခင်ဗျားက ဒုသနသောအမှုကို ကာယကံမြောက်ကျူးလွန်ပျော်မွေ့ နေတဲ့ လူဆိုတော့ ထမင်းဟင်း ဘယ်လို ချက်ရမယ်ဆိုတာ မေ့နေလောက်ရောပေါ့'

ဂရက်ဂရီ လက်သင့်ခံလိုက်၏။ သည် ညသည် သာယာချမ်းမြေ့ဖွယ် ညတစ်ညဖြစ်သွားလိမ့် မည်။ သည် လင်မယားနှင့်စကားပြောရတာ ကောင်းသည် ။ ညနေခြောက်နာရီနှင့် ခုနစ်နာရီကြား တွင် အရောက်လာခဲ့မယ်ဟု ကတိပေးလိုက်သည် ။

စကားပြောခွက်ကို ပြန်ချိတ်ပြီး မိမိ၏ စာမူကို အကြမ်းဖျင်းတစ်ခေါက် ထပ်ဖတ်ကြည့်သည် ။ ပြင်ရမည့် နေရာနှစ်နေရာတွင် ခဲတံဖြင့် ထပ်ဖြည့်ရေးသည် ။ သို့ပေမဲ့ ဇာတ်ကွက်က တကယ်တမ်း လိုအပ်သည့် ဇာတ်ကွက်မဟုတ်။ သည့်တော့ နောက်ထပ်အချက်အလက်တွေ ရှာဖွေစုဆောင်းသုတေသနလုပ်ဖို့ ကိုပဲ အာရုံထဲ သွင်းထားလိုက်၏။

***